CHINA · YUNNAN
HEADLINE
၁၉-၂၅ ဒီဇင်ဘာ ၂၀၁၇ Vol.85
Yunnan Daily Press Group ရန်ကုန်တိုင်းမ် THE YANGON TIMES A

# 《ရထားသံလမ်း“(၁၃)ကြိမ်မြောက်(၅)နှစ်စီမံကိန်း”ဖွံ့ဖြိုးတိုးတက်မှုစီမံချက်》 ထုတ်ပြန် ယူနန်နှင့်ဘေးပတ်ဝန်းကျင်နိုင်ငံများအချင်းချင်းချိတ်ဆက်ရေးအားသာချက်သိသာထင်ရှား

ယခုရက်ပိုင်းတွင် တရုတ်နိုင်ငံ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲမှုကော်မတီ၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံတော်ရထားသံလမ်းညွှန်ကြားမှုဦးစီးဌာန၊ တရုတ်ရထားသံလမ်းကုမ္ပဏီရုံးချုပ်မှ 《ရထားသံလမ်း “(၁၃)ကြိမ်မြောက်(၅)နှစ်စီမံကိန်း” ဖွံ့ဖြိုးတိုးတက်မှုစီမံချက်》ကို ထုတ်ပြန်ခဲ့သည်။ တရုတ်နိုင်ငံသည် “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု” ဆောက်လုပ်ရေးကို အလေးထားသည့် ဘက်စုံဖွင့်လှစ်မှုဖွဲ့စည်းပုံအသစ်ကို တည်ဆောက်နေကြောင်း၊ သံလမ်းသည် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးတွင် အလေးပါသည့်နယ်ပယ်နှင့် ဦးစားပေးလမ်းကြောင်းအဖြစ် အလယ်အနောက်ပိုင်းဒေသကို အလေးထားသည့် သံလမ်းဆောက်လုပ်ရေးကို ဆက်လက်တွန်းတင်လုပ်ဆောင်နေပါကြောင်း၊ တိုင်းရင်းသားဒေသ၊ နယ်စပ်ဒေသ၊ ဆင်းရဲနွမ်းပါးသောဒေသရထားသံလမ်းများပြင်ပသို့ သယ်ပို့လမ်းကြောင်းဆောက်လုပ်ရေးကို ပိုမိုခိုင်မာအောင်လုပ်ဆောင်နေကြောင်း တင်ပြထားသည်။

《စီမံချက်》 အတွင်းတွင် ဘေးပတ်ဝန်းကျင်ဒေသများနှင့် အချင်းချင်းချိတ်ဆက်သည့်လုပ်ငန်းကို အကောင်အထည်အဖော်လုပ်ဆောင်ရန်တင်ပြထားသည်။ “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု” ဆောက်လုပ်ရေးစီမံချက်နှင့် ဘေးပတ်ဝန်းကျင် အခြေခံအဆောက်အအုံအချင်းချင်း ချိတ်ဆက်မှု၏အထွေထွေစီမံချက်များကို ပြည့်ဝစွာအကောင်အထည်ဖော်လုပ်ဆောင်နေကြောင်း၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးကိုခိုင်မာအောင်လုပ်ဆောင်ပြီး ပြင်ပသို့ အဓိကဆက်သွယ်သွားလာသည့် ရထားသံလမ်းဆောက်လုပ်ရေးကို အတူပူးပေါင်းကာတွန်းတင်ခြင်း၊ ဆောက်လုပ်ခြင်းတို့ကြောင့် နယ်စပ်ဘက်စုံသတ္တုလုပ်ငန်းနှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ခြင်း၊ ကူးသန်းရောင်းဝယ်ရေးဖလှယ်မှု တွန်းဆော်ခြင်းစသည့် နယ်စပ်ဂိတ်ရထားသံလမ်းနှင့် အဆက်တွဲအဆောက်အအုံများကိုအရှိန်အဟုန်တိုးမြှင့်ကာ ဆောက်လုပ်မည်ဖြစ်သည်။ ပြည်ပကုန်းတွင်းလမ်းကြောင်း၏ အချက်အချာနေရာများတွင် ပူးပေါင်းဆောင်ရွက်ရေးကို ခိုင်မာအောင်လုပ်ဆောင်ပြီး ပြည်တွင်းပြည်ပကို ချိတ်ဆက်သော၊ လုံခြုံဖြောင့်ဖြူးသော အထွေထွေလမ်းပန်းသွားလာရေး ကွန်ယက်ကို ခိုင်မာအောင်ဆောက်လုပ်မည်ဖြစ်သည်။ စီမံကိန်းတွင် အချင်းချင်းချိတ်ဆက်သည့်ရထားသံလမ်းနှင့် နယ်စပ်ဂိတ်ရထားသံလမ်း အလေးပါစီမံကိန်းများကို ဖော်ပြခဲ့သည်။ တာ့လီမှ ရွှေလီအထိ၊ ယူရှီးမှ မော်ဟန်အထိ၊ ဖောင်ချိန်ဆိပ်ကမ်းမှတုံးရှင်းအထိ သံလမ်းများအပါအဝင် ရွှေလီ၊ မော်ဟန်၊ တုံးရှင်းစသည့် သံလမ်းဂိတ်ဘူတာရုံများကို ဆောက်လုပ်ရန်စီမံထားသည်။ ယူနန်မှ “လူပုံသဏ္ဍာန်” တရုတ်-မြန်မာစီးပွားရေးစင်္ကြံနှင့် တရုတ်-လာအို စီးပွားရေးစင်္ကြံ ဆောက်လုပ်ရေးအတွင်း၏ အထူးအရေးပါသည့်အကျိုးသက်ရောက်မှုကို ထပ်မံဖော်ပြနေပါသည်။



**အပိုဖတ်ရန် -**

တာ့ရွှေသံလမ်း(တာ့လီ-ရွှေလီ)။ ။ ပန့်အာရှသံလမ်း အနောက်ဖက်လိုင်း တရုတ်မြန်မာ နိုင်ငံတကာသံလမ်းလမ်းကြောင်း၏ အရေးပါသည့်ဖွဲ့စည်းအပိုင်းဖြစ်ပါသည်။ အရှေ့ဖက်တွင် ယူနန်တာ့လီမြို့မှစပြီး တရုတ်မြန်မာနယ်စပ်ဂိတ်ရှိရွှေလီတွင်ဆုံးသည်။ စုစုပေါင်း (၃၃၀)ကီလိုမီတာ ရှည်လျားသည်။ ၂၀၂၀ပြည့်နှစ်တွင် ဆောက်လုပ်ပြီးစီးနိုင်မည်ဟု ခန့်မှန်းထားသည်။ ထိုအချိန်တွင် တာ့လီမှရွှေလီအထိအချိန်(၃)နာရီ ခန့်သာကြာမည်ဖြစ်သည်။

ယူမော်သံလမ်း(ယူရှီး-မော်ဟန်)။ ။ ပန့်အာရှသံလမ်းအလယ်လိုင်း တရုတ်နိုင်ငံပြည်တွင်းအပိုင်းဖြစ်သည်။ ယူနန်ပြည်နယ်ယူရှီးမှစပြီး တရုတ်လာအိုနယ်စပ်ဂိတ်ရှိမော်ဟန်တွင် ဆုံးသည်။ စုစုပေါင်း(၅၀၇)ကီလိုမီတာရှည်လျားသည်။ ၂၀၁၆ခုနှစ်ဧပြီလတွင် တစ်လိုင်းလုံးလုပ်ငန်း စတင်ဆောက်လုပ်ခဲ့သည်။ စီမံကိန်းဆောက်လုပ်ပြီးပါက ကူမင်းမှ စစ်ဆောင်ပန်းနားသို့ အချိန်(၃.၇)နာရီ ခန့်သာကြာမည်ဖြစ်သည်။

# (၆၇)ကြိမ်မြောက်တရုတ်၊လာအို၊ မြန်မာ၊ ထိုင်း မဲခေါင်မြစ်ပူးတွဲတရားဥပဒေစိုးမိုးရေး အောင်မြင်စွာပြီးဆုံးခဲ့

နိုဝင်ဘာလ(၂၄)ရက်နေ့က တရုတ်နိုင်ငံကွမ်းလိပ်ဆိပ်ကမ်းသို့ တရုတ်နိုင်ငံတရားဥပဒေစိုးမိုးရေးသင်္ဘောများ ဆိုက်ရောက်သည်နှင့်အတူ (၆၇)ကြိမ်မြောက် တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်း မဲခေါင်မြစ် ပူးတွဲတရားဥပဒေစိုးမိုးရေးဆောင်ရွက်မှုကို အောင်မြင်စွာပြီးဆုံးခဲ့သည်။

ယခုအကြိမ် တာဝန်လုပ်ဆောင်ရေးကို (၂၁)ရက်နေ့တွင် ကွမ်းလိပ်ဆိပ်ကမ်းမှစတင်ခဲ့ရာ အချိန်(၄)ရက်(၃)ညကြာပြီး စုစုပေါင်းမိုင်ခရီးစဉ်(၅၁၂)ကီလိုမီတာရှိသည်။ လှုပ်ရှားမှုဆောင်ရွက်စဉ်ကာလအတွင်း တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်း(၄)နိုင်ငံမှ တရားဥပဒေစိုးမိုးရေးသင်္ဘောပေါင်း(၅)စီး၊ လူဝန်ထမ်း(၁၄၈)ဦးစေလွှတ်ခဲ့သည်။ ညွှန်ကြားမှုအရာရှိနှင့် ဆက်သွယ်ရေးအရာရှိကို တာဝန်လုပ်ငန်း ညှိနှိုင်းရန်အတွက် အသီးသီးစေလွှတ်ခဲ့သည်။ အပိုင်းခွဲကင်းလှည့်ခြင်း၊ အဖွဲ့ခွဲကင်းလှည့်ခြင်းစသည့်နည်းလမ်းများကို အသုံးပြုပြီး တရားဥပဒေစိုးမိုးရေးအင်အားကို ခိုင်မာစေခဲ့သည်။




တရုတ်လာအိုနှစ်နိုင်ငံမှ မဲခေါင်မြစ် ပူးတွဲတရားဥပဒေစိုးမိုးရေးနယ်ပယ်အတွင်း၏ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာစွာ အကောင်အထည်ဖော်လုပ်ဆောင်ရန် ပူးတွဲကင်းလှည့်သည့်အချိန်အတွင်း တရုတ်နိုင်ငံမှအဖွဲ့ဝင်များသည် လာအိုနိုင်ငံ၏ ဂိတ်များသို့ရွှေ့နောက်သွားရောက်လည်ပတ်ပြီး ဆွေးနွေးပွဲအစီအစဉ်များကိုလုပ်ဆောင်ကာ လာအိုတရား ဥပဒေစိုးမိုးရေးဝန်ထမ်းများနှင့် ဖလှယ်ဆက်ဆံခဲ့ရာ တရုတ်လာအိုချစ်ကြည်ရေးကို ပိုမိုနက်ရှိုင်းစေကြောင်း ယူနန်နယ်စပ်ကာကွယ်ရေးအဖွဲ့ချုပ်၏ မိတ်ဆက်ချက်အရသိရသည်။

ကင်းလှည့်သည့် အချိန်ကာလအတွင်း နိုင်ငံလေးနိုင်ငံမှ တရားဥပဒေစိုးမိုးရေးဌာနများသည် ထိုင်းနိုင်ငံတွင် သတင်းအချက်အလက်ဖလှယ်ရေးပွဲကို ကျင်းပဖွင့်လှစ်ခဲ့သည်။ မဲခေါင်မြစ်နယ်ပယ်နယ်ခြားပြစ်မှုကျူးလွန်သည့်အခြေအနေကို အတူသုံးသပ်ဆွေးနွေးပြီး တရားဥပဒေစိုးမိုးရေးပူးပေါင်းဆောင်ရွက်ရေးအလုပ်ကိစ္စကို နောက်တစ်ဆင့်လုပ်ဆောင်ရန် ညှိနှိုင်းခဲ့ကြသည်။ နိုင်ငံနယ်ခြားပြစ်မှုကျူးလွန်လှုပ်ရှားမှုများကို ပူးတွဲတိုက်ဖျက်ပြီး မဲခေါင်မြစ်ပူးတွဲတရားဥပဒေစိုးမိုးရေးပူးပေါင်းဆောင်ရွက်ရေးကို ဆက်လက်နက်ရှိုင်းစွာလုပ်ဆောင်ခဲ့သည်။

# လန်ချန်မြစ်–မဲခေါင်မြစ် ပတ်ဝန်းကျင်ပူးပေါင်းဆောင်ရွက်ရေးစင်တာ အောင်မြင်စွာ တည်ထောင်ပြီးဆုံးခဲ့

နိုဝင်ဘာလ(၂၈)ရက်နေ့က ပေကျင်းတွင် လန်ချန်မြစ်-မဲခေါင်မြစ်ပတ်ဝန်းကျင် ပူးပေါင်းဆောင်ရွက်ရေးစင်တာကို တည်ထောင်ခဲ့သည်။ ယင်းသည် လန်ချန်မြစ်-မဲခေါင်မြစ် မြစ်ဝှမ်းဒေသရှိ နိုင်ငံ(၆)နိုင်ငံဇီဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးပူးပေါင်းဆောင်ရွက်မှုများကို တွန်းတင်လုပ်ဆောင်ပြီး ဆက်လက်ဖွံ့ဖြိုးတိုးတက်မှုကို တွန်းဆော်နိုင်မည်ဖြစ်သည်။

ထူထောင်ခြင်းပွဲ အခမ်းအနားတွင် အနာဂတ်မှာ လန်ချန်မြစ်-မဲခေါင်မြစ် ပတ်ဝန်းကျင်ပူးပေါင်းဆောင်ရွက်ရေးစင်တာကို အထောက်အကူပြုပြီး လန်ချန်မြစ်-မဲခေါင်မြစ် မြစ်ဝှမ်းဒေသနိုင်ငံများသည် ပတ်ဝန်းကျင်ပူးပေါင်းဆောင်ရွက်ရေး ထိပ်တန်းစီမံချက်ကို ပူးတွဲလုပ်ဆောင်မည်ဖြစ်ပြီး 《လန်ချန်မြစ်-မဲခေါင်မြစ် ပတ်ဝန်းကျင်ပူးပေါင်းဆောင်ရွက်ရေးမဟာဗျူဟာ》 ရေးဆွဲရေးအလုပ်ကို တက်ကြွစွာ လုပ်ဆောင်နေကြောင်း၊ နယ်ပယ်ပတ်ဝန်းကျင်ပေါ်လစီဆက်ဆံရေးနှင့်အပြန်အလှန် စကားပြောရေးကိုတွန်းတင်ကာ စီမံကိန်းပူးပေါင်းဆောင်ရွက်မှုများကို လက်တွေ့ကျကျ အကောင်အထည်ဖော်လုပ်ဆောင်ကြမည်ဖြစ်ကြောင်း၊ ဦးစားပေးပူးပေါင်းဆောင်ရွက်ရေးနယ်ပယ်ကို ဝိုင်းရံပြီး “အစိမ်းရောင်လန်မဲစီမံကိန်း” စီမံချက်ကို လုပ်ဆောင်ကြမည်ဖြစ်ကြောင်း၊ နယ်ပယ်ပူးပေါင်းဆောင်ရွက်ပုံစံအသစ်ကို တဖြည်းဖြည်းဖြစ်ပေါ်လာပြီး နယ်ပယ်ပူးပေါင်းဆောင်ရွက်ရေးအတွက် ဘက်စုံပေါင်းစုံမှထောက်ပံ့မှုကို လုပ်ဆောင်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဟွမ်ရိတ်ချိုးကပြောကြား ဖော်ပြခဲ့သည်။

သတင်းထောက် ကောင်ကျင့်

ပိုမိုများပြားသော
သတင်းအချက်အလက်များကို
သိလိုလျှင် ယူနန်အမြန်သတင်းစဉ်
ဝက်ဆိုက်ကို ဝင်ရောက်ပါ။
english.yunnan.cn